

ယောက်ျားတွေရဲ့ စိတ်ဟာဆိတ်လိုပဲ။

မမြိန်ရင်တောင် တစ်တို့ လောက်စားတတ်တယ်။

မိန်းကလေးတွေကတော့ ယုန်ကလေးတွေနဲ့ တူတယ်။

သူတို့ ဟာနူးညံ့တယ်။

ဆိတ်ငြိမ်တယ်။ ဒါပေမဲ့ မမြိန်ရင်တောင် သုံးကိုက်လောက် ကောက်ဝါးတတ်တယ်။

## ဒီဇာတ်လမ်းကိုတကယ် မဟုတ်ဘူး လို့ မပြောလိုက်ပါနဲ့ ။

ကျောင်းသူကျောင်းသားတွေစုပြီး ကဗျာစာအုပ် ထုတ်မယ်" ထိုသတင်း ပျံ့နှံ့သွားသည် နှင့် ကဗျာရေးချင်သော ကျောင်းသူကျောင်းသား အတော်များများ ကျွန်တော်တို့ ဆီဝိုင်းလာကြ၏။ အဓိက ကမကထလုပ်မှာ က ကျွန်တော်ရယ်၊ သင်းမောင်ရယ်၊ သီဟရယ်နှင့် အခြားနောက်ဆုံးနှစ် သူငယ်ချင်းများ ဖြစ်၏။ ကျွန်တော်တို့ အားလုံးက မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ကဗျာများ တစ်ပုဒ်စ၊ နှစ်ပုဒ်စ ပါထားဖူးသူများ ဖြစ်၍ ကျောင်းသူကျောင်းသား စာပေဝါသနာရှင်များကြား အနည်းငယ်တော့ ပါဝါရှိ၏။ ရှိန်ကြတယ်

ပေါ့လေ...

သို့သော် ကျွန်တော်တို့ က ထိုမျှနှင့် မတင်းတိမ်နိုင်။ ဝါသနာရှင် ကျောင်းသူကျောင်းသားများကိုလည်း ကဗျာကိုပို၍ စိတ်ပါဝင်စားလာစေရန် ကျောင်းအတွင်း ကဗျာစာအုပ်ထုတ်ဝေရန် စီစဉ်လိုက်ခြင်းသာဖြစ်၏။ ယခုလည်း ဝါသနာရှင် ကျောင်းသူကျောင်းသားများကို ကျောင်းကင်တင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စုဝေး၍ ကဗျာစာအုပ်လုပ်မည့် အစီအစဉ်များကို ရှင်းပြနေခြင်း ဖြစ်၏။ ရှင်းပြရမည့် တာဝန်က ကျွန်တော့်တာဝန်။

"ကျွန်တော်တို့ အခုလုပ်မယ့် အဖျာစာအုပ်မှ ကျွန်တော်၊ ကျော်စွာရယ်၊ သင်းမောင်ရယ်၊ သီဟရယ်က ဦးစီးပြုလုပ်မှာ ဖြစ်ပါတယ်။ ဒီစာအုပ်ကိုကျောင်းသူကျောင်းသားများ ရဲ့ လက်ရာမွန် သီးသန့်ကိုသာမှတ်တမ်းတင်ဖော်ပြမှာ ပါ။ ဒီစာအုပ်ကို ရောင်းမှာ လည်း မဟုတ်ပါဘူး။ အားလုံးကို လက်ဆောင်ပေးမှာ ပါ။ ဒါကတစ်အချက်ပါ"

"အဲ...ကဗျာရေးသူဝါသနာရှင်များ အနေနဲ့ သိထားရမှာ ကကဗျာရေးသားရာမှာ လျှောက်လွှာ စာမျက်နှာ နှစ်မျက်နှာထက် မပိုရပါဘူး။ ဘာလို့ လဲဆိုတော့ ကျွန်တော်တို့ ကဗျာစာအုပ်မှာ ကဗျာရှည်သုံးမှာ မဟုတ်လို့ ပါ။ နောက်ပြီးကဗျာကိုလည်း သန့်သန့်ရှင်းရှင်းနဲ့ အဆင့်မီမီရေးမှ ပဲ ကျွန်တော်တို့ က ရွေးချယ်မှာ ပါ။ အဆင့်မမီ၊ မသန့်ရှင်းတဲ့ ကဗျာမျိုးကို ကျွန်တော်တို့ လုံးဝလုံးဝ ရွေးချယ်မှာ မဟုတ်ပါဘူး။ ဒါနှစ်အချက်ပါ.."

"သုံးအချက်ကတော့..."

"ဟော့...နင်တို့ စာအုပ်မှာ ဇာတ်ညွှန်းရော မသုံးဘူးလား"

စကားမဆုံးခင် ထွက်ပေါ်လာသောအသံကြောင့် ကျွန်တော်အနည်း

ငယ် စိတ်တိုသွားမိ၏။ ပြောပုံကရင့်ရင့်သီးသီး။ ကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်။ ပိန်ပိန်ဖြူဖြူလေး။ ရုပ်ကတော့ ခပ်တည်တည်။ သူ့ကိုလည်း ဘယ်သူမှ သိပုံမရ။

"ဟုတ်ကဲ့၊ ကျွန်တော်တို့ လုပ်မှာ ကဗျာစာအုပ်ပါ။ ဇာတ်ညွှန်းရေးချင် ရုပ်ရှင်ရုံမှာ သွားမေးပါ..."

ကျွန်တော်စကားကြောင့် အားလုံးခပ်ဟဟ ရယ်ကြသည် ။ ဟုတ်တယ်လေ၊ ကဗျာစာအုပ်လုပ်မယ်ဆိုမှ ဇာတ်ညွှန်းအကြောင်း လာမေးနေသေး။ ကောင်မလေးကတော့ ကျွန်တော့်ကို မကြည်သလိုဟန်မျိုးနှင့် ပေစောင်းစောင်းကြည့်သည် ။ ကျွန်တော်ကသာ ဆက်၍ ...

"သုံးအချက်က ကျွန်တော်တို့ ကဗျာစာအုပ်ကလေးဖြစ်အောင် အဆင့်ဆင့် တင်ပြပေးရမှာ မို့ ပါဝင်ချင်သူ ကဗျာဝါသနာရှင်များ ဟာ ကဗျာကိုရေးသားပြီး အမြန်ဆုံးပေးပို့ကြရန်ပါပဲခင်ဗျား"

ကျွန်တော်စကားကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ သူဘယ်တော့ပေးမယ်။ ငါဘယ်တော့ပေးမယ်နှင့် တိုးတိုးဖွဖွ တိုင်ပင်နေကြ၏။ ဒါကို ခုနကောင်မလေးမှ ပင် ထ၍ ...

"ဟော့..နင်တို့ အဆင့်ဆင့်တင်ရင် ငါ့ဇာတ်ညွှန်းပါရောတင်လို့ မရဘူးလား..."

လာပြန်ပြီ ကဗျာစာအုပ်လုပ်မယ်ဆိုမှ ဇာတ်ညွှန်းချည်း ထထအော်နေတော့တာ။ ဟိုကောင်မလေးပဲ။ သူ့ပုံကြည့်ရတာဘာကိုမှ ကြောက်ရွံ့ပုံမပေါ်။ ကျွန်တော်လည်း အနည်းငယ် ကျွဲမြီးတိုသွားမိပြီး...

"ခုနက ကျွန်တော်ပြောတာ ရှင်းပါတယ်နော်။ ဒါ ကဗျာကိစ္စပါ။ ကျွန်တာ ဇာတ်ညွှန်းမပြောနဲ့ ဝတ္ထုတို့ ၊ အက်ဆေးတို့ ၊ စာညွှန့်တို့ တောင် မ

ပါပါဘူး"

ကျွန်တော်စကားကို ငတိမက တွဲကျနေသောသူ့လွယ်အိတ်ကြီးကို ပြန်မတင်ပြီး

"လူ့ဘဝမှာ တောင် သူ့ဇာတ်ညွှန်းနဲ့ သူလာတာပဲ။ နင်တို့ ကဗျာကျမှ ဇာတ်ညွှန်း မပါဘူးဆို သိပ်မဟုတ်သေးဘူးနော်။"

အောင်မာ လာလာချည်သေး။ လူကောင်နဲ့ မလိုက်တဲ့ စကားကြီးစကားကျယ်က ထည့်ပြောသေး။

"လူ့ဘဝက လူ့ဘဝပါ။ ကဗျာကို လူကဖန်တီးတာပါ။ ဒါကြောင့် လူဖန်တီးတဲ့ ကဗျာမှာ ဇာတ်ညွှန်းမပါလည်း ရပါတယ်"

"ဒါဆိုငါကဇာတ်ညွှန်းကိုကဗျာလိုရေးရင်ရော"

ခက်ချေပြီ။ အတော်ပြောရဆိုရ ခက်သည့်ကလေးမပဲ။ ကျွန်တော်လည်း စိတ်ညစ်သွားပြီး...

"ရေးချင်သလို ရေးဗျာ။ ကဗျာဖြစ်ရင် ပြီးရော"

ကျွန်တော့်စကားလည်း ကြားရော သူမငေါက်ခနဲ ထပြီး...

"ဒါဆို ကောင်းပြီ၊ ငါဇာတ်ညွှန်းတွေကို ကဗျာလိုရေးပြီး လာပို့မယ်..."

ဟု ဆို၍ ကော့ကော့ ကော့ကော့နှင့် ထွက်ချသွားလေသည် ။ အားလုံးက သူမကိုငေးလျက်၊ ကျွန်တော်လည်း ဒီတော့မှ စိတ်လွတ်လက်လွတ် သက်ပြင်းချနိုင်တော့၏။

***

အချစ်ဆိုတာ လူတို့ ရဲ့ ပထမဦးဆုံး မကောင်းမှုအသိဉာဏ်။ ကျမ်းစာတချို့က ဆိုကြပါတယ်။ ဒါပေမဲ့ အချစ်နဲ့ ထိတွေ့သူ အားလုံးဟာလည်း ကဗျာဆရာတွေ ဖြစ်လာကြတယ်လို့ ဆိုပါတယ်။

ဒါဆိုရင် ကဗျာဆရာများ ဟာ အချစ်နဲ့ ထိတွေ့ပြီး ပထမဦးဆုံး မကောင်းမှု အသိဉာဏ်ဖွံ့ဖြိုးလာသူများ လား။

ထိုသို့ ဆိုလိုက်လျှင် လွန်စွာရှင်းလင်းရ ခက်ကုန်လိမ့်မည်။ မည်သို့ဆိုစေ၊ မည်သို့ပင် သမုတ်ကြပါစေ။ ကဗျာဆရာများက ကဗျာကို ချစ်ကြပါသည် ။

သူတို့ ၏ လက်သုံးစကားမှာ ကဗျာသည် အချစ်ဖြစ်ပါသည် ။

ထိုသို့ ဆိုသော် အချစ်သည် ပထမဦးဆုံး မကောင်းမှုအသိဉာဏ် ဖြစ်သည် ။ ထို့ကြောင့် ကဗျာသည် ...

ကျွန်တော်ကတော့ တစ်မျိုးပင်။ အချစ်ကို မတွေ့ခင်ကတည်းက ကဗျာဆရာဖြစ်ခဲ့ပါသည် ။ ထို့ကြောင့် ကျွန်တော့်တွင် ပထမဆုံးသော မကောင်းမှုအသိဉာဏ် မရှိပါ။ ကောင်းရာကောင်းကျိုးကိုသာ သယ်ပိုးချင်သူ ကဗျာဆရာသန့်သန့် ဖြစ်ခဲ့ပါသည် ။ ကျွန်တော်၏ ကဗျာများ တွင် ပုပ်အဲ့မှုများ မပါ။ ညှီနံ့လည်း မရှိ။ ပကတိအေးချမ်း လှသည် ဟု ထင်မိပါသည် ။

သို့သော် ကျွန်တော်သည် လည်း လူသားတစ်ဦးပင် ဖြစ်သောကြောင့် အချစ်နှင့်တွေ့မိသောအခါ ကျွန်တော်၏ ကဗျာများ အရောင်ပြောင်းလဲ

ခဲ့ရပေပြီ။

***

ပေးပို့လာသော ကဗျာများကို ကြည့်ပြီး ကျွန်တော် ခေါင်းအတော်ကိုက် သွားသည် ။

ရေးချင်စိတ်သာရှိ၍ ရေးတတ်သလို ရေးခဲ့ကြခြင်းကြောင့် လေးလုံးစပ်လို့ ပြောရမလား။ မော်ဒန်လို့ ပဲ ပြောရမလား။ ဂန္ထဝင်လို့ ပဲဆိုရမလား မသိဖြစ်နေရလေသည် ။ ကြည့်လေ ကဗျာတစ်ပုဒ်ဆို ရေးထားပုံ။ ခေါင်းစဉ်က

စကြဝဠာသို့ လမ်းလျှောက်ထွက်ခြင်း...တဲ့ ။

ဓာတ်ကျိုးပေါ်က ကျီးကန်းငှက်။

ကောင်းကင်ပေါ် ပက်လက်၊

ဝတ်လစ်စလစ် မိုးကောင်းကင်

အရောင်ပြောင်းဖို့ ပြင်

တိမ်ကထာတွေ ဆူဝေဖုံး

သက်တံကိုယ်တုံးလုံး။

ပြုံးပြုံးနေတဲ့ လမင်းရယ်

သွယ်ဝန်းခရုံကြယ်..။

အရှေ့မှ အနောက်သို့ ယွန်းလို့ သွား၊ ဟေ့လာမောင်တို့ ဝါး..။

ကဲ..ဘယ်လိုလုပ်မလဲ။ အဲဒါ ဘာကဗျာလဲ။ ကျွန်တော်လည်း မပြော

တတ်တော့။

ကဲ..နောက်တစ်ပုဒ်လည်း ကြည့်ပါဦး..။ ခေါင်းစဉ်က အမိုက် ဗျ။

ငါ့ရဲ့ နောက်ဆုံး ညစာစားပွဲ..တဲ့ ။

စုတ်ပြတ်သတ်နေတဲ့ လေတချို့က ခေတ်ဆွေး သင်္ချိုင်းပေါ် လမ်းသလား နေလေရဲ့ ။

ကမ္ဘာမြေကြီးကတော့ လူသေအောက်က ကျောက်ဖရုံသီးလို စင်းစင်းကြီးသေ။

တစ္ဆေတွေပျော်တဲ့ ည။

အရိုအရွဲတွေ ပြည့်နှက်နေတဲ့ ခန္ဓာကိုယ်တွေယိမ်းက..

အနာကျတဲ့ မြေကြွက်ကြီးတွေ မြူးပျော်ကြ။

မြေဖုတ်ဘီလူးကို တမ်းတကြ။

တွန်းတိုက်ကြ ယိမ်းထိုးကြ။

နောက်ဆုံး ငါလည်း သေ။

ကဲ...ဘာလဲကဗျာ။ သူကတော့ ဘာရည်ရွယ်ချက်နဲ့ ရေးတယ်မသိ။ ကိုယ်မှာ တော့ သူ့အဓိပ္ပာယ်ကို ဖော်မရတဲ့ အပြင် ပို့ချင်အန်ချင်သလိုပါ ဖြစ်လာတယ်။ ဒီကြားထဲ ကဗျာရေးသားသူများ ကပါ လာပြီး..

"ဒီလိုကွ ကျော်စွာရ...

စပ်ဖျဉ်းဖျဉ်း မိုးရေစက်ရဲ့

တောချုံမြို့ပြမှာ

ဥသြငှက်တွန်သံ ကြားရတယ်ဆိုတာ...

အမှန်တော့ ငါဆိုလိုတာက နေပူမိုးရွာသူခိုးလာ ဆိုတာမျိုးပေါ့ကွာ။ နွေရာသီမှာ အခါမဟုတ်ဘဲ မိုးရွာနေတာ"

"ဒါဆိုလည်း ကွာ.. နွေရာသီမှာ အခါမဟုတ်ဘဲ မိုးရွာတယ်လို့ ပဲ ရေးလိုက်ပေါ့ကွ..."

"ဟ.. ဒါဆို လင်္ကာဘယ်မြောက်တော့မှာ လဲ။ ကဗျာဆိုတာ လင်္ကာမြောက်ရမယ်လေ။ တော်ပြီကွာ..မင်းကိုငါက ကဗျာဆရာမှတ်လို့ လေးစားနေတာ။ အမှန်တော့ မင်းဟာ ဘာမှ မတတ်တဲ့ ပို့စ်မော်ဒန် ငတုံးပဲ"

အဲဒါသာ ကြည့်တော့ဗျာ။ သူတို့ လည်း ပေါက်ကရ ရေးထားသေး။ ကိုယ်ရှင်းပြ ပြန်တော့လည်း လက်မခံတဲ့ အပြင် ကိုယ်ကိုပါပို့စ်မော်ဒန် ငတုံးဆိုပြီး ပြောသွားသေးတာ။ ဒါတောင် ဂန္ထဝင်သမားနဲ့ မတွေ့လို့ ။ တွေ့ရင် ဂန္တတင် ငတုံးဖြစ်ဦးမှာ ။

ဒါကြောင့် ဘယ်သူမှ မတွေ့နိုင်တဲ့ စာကြည့်တိုက်ထဲ လာပြီး ကဗျာတွေထိုင်ဖတ်နေရတာ။ ဒါမှ လည်း စိတ်လွတ်ကိုယ်လွတ် ခံစားလို့ ရတော့မှာ ပေါ့။

တချို့ကဗျာလေးတွေကျတော့ မဆိုး။ ရေးသားထားတာ အတော်အဆင်ပြေသည် ။ သို့သော် ဘယ်နေရာ ဘာလိုနေသည် မသိ။ တစ်ခါတလေတွင် လည်း ထိုသို့ လိုအပ်ချက်ကို မမြင်ရသော ကဗျာများ လည်း ဖတ်ရတာ ဟာတာတာ ဖြစ်နေတတ်သည် မဟုတ်ပါလား။

"ထိုင်မယ်နော်'

စာထဲစိတ်ဝင်စားနေတုန်း အသံကြား၍ မော့ကြည့်လိုက်တော့ ဟို

နေ့က ဇာတ်ညွှန်းရေးလို့ မရဘူလား ဟူသော ကောင်မလေး။

သူမက အဖြေကို မစောင့်ဘဲ သူ့ရှေ့ခုံတွင် ဝင်ထိုင်လိုက်သည် ။

သူမသည် ခန္ဓာကိုယ်နှင့်မလိုက်သော အင်္ကျီဖားဖားကြီး ဝတ်ထားသည့်အပြင် လွန်စွာကြီးမားသော ဖျင်လွယ်အိတ်ကြီးကို သိုင်းလွယ်ထားသည် ။ လက်ထဲတွင် လည်း ထီးကောက်အနက်ကြီး ချိတ်ထားသေး၏။ မျက်နှာကသေးသေး၊ ရှည်ရှည်။ ဆံပင်က ကောက်ခွေခွေနှင့်ဆိုတော့ ကြည့်ရတာ ဘာထူးခြားနေမှန်းမသိ။

"နင်တို့ စာအုပ်မှာ ဘာကြောင့်ဇာတ်ညွှန်း မထည့်တာလဲ"

စစခြင်း ဆောက်နှင့်ထွင်းသည့်စကားကြောင့် ကျွန်တော်လွန်စွာစိတ်ညစ် သွားရသည် ။ လာပြန်ပြီ ဒီဇာတ်ညွှန်း။

"မထည့်ဘူးလို့ ဟိုတစ်နေ့ထဲက ပြောထားသားပဲလေ။ ဘာလို့ ထပ်ခါထပ်ခါ လာမေးနေရတာလဲ"

သူမတုတ်တုတ်ပင် မလှုပ်၊ စိုးရိမ်စိတ်လည်း မပြ။ မရရအောင် လုပ်မည်ဟူသော ရုပ်မျိုးနှင့်ခပ်တည်တည် ထိုင်နေသည် ။ အတန်ကြာမှ သူမက လေအေးအေးနှင့်ပင်...

"အမှန်တော့ ကဗျာပဲဖြစ်ဖြစ် သီချင်းပဲဖြစ်ဖြစ်၊ ခံစားတတ်ရင် သူ့ကို ဇာတ်ညွှန်းပြန်ခွဲ လို့ ရတယ်။ ဥပမာ ရာမာယနဇာတ်တော်ကြီးဆို အိန္ဒိယစာရေးဆရာကြီး ဝါလိမိကိရဲ့ ကဗျာတစ်ပုဒ်ပဲ။ ဒါကို အကျယ်တဝင့် ဇာတ်ညွှန်း ပြန်ရေးလိုက်တဲ့ အခါ အင်မတန်ကြီးကျယ်ခမ်းနားတဲ့ ဇာတ်တစ်ပုဒ် ဖြစ်လာတယ်။ အနောက်တိုင်းမှာ ဆိုလည်း အများကြီးပဲ။ ဟိုးမားရဲ့ အိုဒမ်ဆီတို့လို ကဗျာတွေကို ဇာတ်ညွှန်းပြန်ခွဲပြီး ရုပ်ရှင်ရိုက်လို့ အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွေ နင်ကြားဖူးမှာ မဟုတ်လို့ ငါမပြော

တော့ဘူး"

အောင်မာ..ပြောတာတောင်မှ အကြောကလေးနဲ့ ဗျ။ နင်ကြားဖူးမှာ မဟုတ်လို့ ငါမပြောတော့ဘူးတဲ့ ။ သူမစကားနှင့် အပြုအမူများကြောင့် ကျွန်တော်ဒေါသကို ပိုဆွပေးသလို ဖြစ်နေပြီး အင်မတန်မှ လည်း မခံချိ မခံသာဖြစ်စေ၏။

"ဒါနဲ့ နေပါဦး၊ နင်ကဇာတ်ညွှန်း၊ ဇာတ်ညွှန်းနဲ့ ကြီးကြီးကျယ်ကျယ်ပြောနေရအောင် နင်ကိုယ်တိုင်က ဇာတ်ညွှန်းကို ဘ ယ်လောက်နားလည်လို့ လဲ"

သူမက မဲ့ပြုံး သို့မဟုတ် မထိတရိအပြုံးမျိုး ပြုံးလိုက်သည် ။ ပြီးမှ သူ၏ ကြီးမားသော လွယ်အိတ်ကို ပုတ်ပြပြီး...

"ဒီအထဲမှာ ငါရေးထားတဲ့ ဇာတ်ညွှန်းအပြည့်ရှိတယ်။ မယုံရင် ကြ ည့်မလား"

"ယုံရမှာ လား။ သူများ ဇာတ်ညွှန်းတွေ ကောက်ထည့်လာတာလား"

ကျွန်တော်က သူ့ကိုမကျေနပ်၍ တမင်ရွဲ့ပြော၏။ ဒါကို သူမက

"စာရွတ်ပြလို့ မှ မယုံရင် လက်တန်းပြောပြမယ်လေ၊ အခု တစ်ထိုင် တည်းတင် နင့်ကိုမင်းသားတင်ပြီး ဇာတ်တစ်ပုဒ်ရေးပြမယ်။ နင်ဘယ် သူနဲ့ တွဲချင်လဲ..."

"ဘာရယ်..."

သူ့စကားကို ကျွန်တော်ဇဝေဇဝါ ဖြစ်သွားရ၏။ ဒါကို သူမက..

"နင်သာ မင်းသားဖြစ်ရင် မင်းသမီးဘယ်သူနဲ့ တွဲချင်လဲလို့ "

ကျွန်တော် မယုံသင်္ကာစွာ သူမကို ကြည့်သည် ။ သူမက ခပ်တည်တ

ည် ကျွန်တော်ကို ကြည့်နေသည် ။ ကျွန်တော်လည်း အပြင်းပြေရင် ပြီး ရောသဘောဖြင့်..

"မယ်တင့်နဲ့ တွဲချင်တယ်"

"မယ်တင့်ဆိုတာ..."

"မတင့်တင့်ထွန်း။ ဒါလေးတောင် မသိဘဲ ဇာတ်ညွှန်းက ရေးဦးမယ် တဲ့ ’

သူမပြုံး၍ ခေါင်းညိတ်သည် ။

"ကာလသားကြိုက်ပဲ။ ကောင်းပြီလေ ဇာတ်အစကို ဒီလိုတည်လိုက် မယ်"

"နင်က မြန်မာပြည်က နာမည်ကြီး ဆေးသုတ်သမား၊ မယ်တင့်က နို င်ငံခြားမှာ နေတာ။ နင်တို့ အချင်းချင်း အင်တာနက်ကနေ ဆက်သွယ်မိကြပြီး တစ်ယောက်ကိုတစ်ယောက်မမြင်ဘူးပဲ ကြိုက်သွားကြတာ"

အောင်မာ ဇာတ်အဖွင့်ကလေးက မဆိုးဘူးဗျ။ အင်တာနက်တွေ ဘာ တွေ သုံးထားတော့ ဘာဖြစ်ဖြစ် အဆင့်မြင့်တယ်လို့ ဆိုရမှာ ပဲ။

"တစ်နေ့တော့ မယ်တင့်က နင့်တို့ တွေ့ချင်လို့ နိုင်ငံခြားက ပြန်လာ ပါလေရောလား"

သူမစကားကို ထပ်မဆက်ဘဲ ကျွန်တော့်ကို ကြည့်သည် ။ ကျွန်တော် စိတ်ဝင်စားနေမှန်း သိမှ ဇာတ်ကိုဆက်သည် ။

"ဒီမှာ နင်ကလည်း မယ်တင့်ပြန်လာမှန်းသိတော့ မယ်တင့်နေလို့ ထို င်လို့ အဆင်ပြေအောင် အလုပ်ကိုကြိုးစားလုပ်တာပေ့ါ။ အိမ်ဆေးသုတ်

တာကလည်း ဆယ့်နှစ်ထပ်တိုက်ပေါ် ကြိုးနဲ့ တွယ်ပြီး ဆေးသုတ်တာ။ သူများ တွေက မလုပ်ပါနဲ့ အန္တရာယ်များ တယ်ဆိုတာကို မရဘူး။ ဒါ လေ..ဒါ"

သူမနှာခေါင်းကို ပြန်တို့ ပြသည် ။

တဏှာအကြောက ထနေပြီ မဟုတ်လား။ မယ်တင့်အတွက် ပိုက်ဆံ ရရင်ပြီးရော ဆိုပြီး လုပ်တော့တာ။ သူ့စကားကြောင့် ကျွန်တော်အောင့် သက်သက် ဖြစ်သွားရသည် ။ သူမက ဆက်၍

"ဖြစ်ချင်တော့ နင့်ကို သိုင်းချည်ထားတဲ့ ကြိုးကဆွေးနေတယ်။ ကျွ တ်ကျွတ် အဲဒါနဲ့ ကြိုးက ပြတ်ကျရော..."

သူမက ကျွန်တော့်ကို သနားဟန်နှင့် ကြည့်ပြီး စုတ်သပ်၏။ ဒါကိုကျွ န်တော်က သူ့ဇာတ်လမ်းအဖြေကို သိနေပြီမို့

"အဲဒါနဲ့ သေရောလား"

ကျွန်တော့်စကားကို သူမခေါင်းယမ်းလိုက်ပြီး...

"မသေဘူး။ အဲ...ဒါပေမဲ့ နည်းနည်းတော့ အဖြစ်ဆိုးတယ်။ နင်ကျ တာကလည်း ဆယ့်နှစ်ထပ်တိုက်ပေါ်က၊ နောက်ပြီးဖြစ်ချင်တော့ ကျပုံ က ဒူးနှစ်လုံးကို လက်ကလေးပိုက်ပြီး ဒေါင်လျက်ကျတာ။ အောက်မှာ ကလည်း ခြံစည်းရိုး သံတိုင်အသစ်တွေက မြနေတာ မလွဲဘူး။ ဖောက်ခ နဲ ဖောက်ခနဲ အသံနှစ်ချက်ပဲကြားတယ်။ စွပ်ခနဲပဲ..."

သူပြောလိုက်မှ မတွန့်သင့်သည့် နေရာတွေ တွန့်ကုန်၏။ ကိုယ်လည်း မနေနိုင်တော့ပြီမို့

"လူညွန့်တုံးကရော့လား..."

ကျွန်တော့်စကားကို သူမက ခပ်တည်တည်နဲ့ မိုက်ကြည့်ကြည့်ပြီး...

"အတွေးအခေါ် မရိုင်းစိုင်းနဲ့ လေ..."

"ဟင် ခုနက နင်ပဲ ဖောက်ခနဲ ဖောက်ခနဲ အသံနှစ်ချက်ကြားတယ် ဆို..."

"အေးလေ.. အဲဒီ ခြံစည်းရိုးသံတိုင်ကိုမြင်တော့ နင်က လျင်တယ် လေ... ဖတ်ခနဲ ကျွမ်းထိုးချလိုက်တာ..."

"လွတ်ရောလား"

"ဟင့်အင်း မျက်လုံးနှစ်လုံးတင် ဖောက်ခနဲ ဖောက်ခနဲ ပေါက်သွား တာ ...ကျွတ် ကျွတ်..."

"ဟာ..."

သူ့စကားကြောင့် ကျွန်တော် မျက်လုံးများ ပင် ပြန်စမ်းမိသေး၏။ နောက် ဘာဖြစ်လို့ ရယ်မသိ။ ခန္ဓာကိုယ်များ ပျော့ကျသွား၏။ ဒါကို သူမ က လက်ကာပြီး...

"နေဦး ဇာတ်က အခုမှ စရုံရှိသေးတာ"

ဆိုပြီး ဆက်ပြော၏။

"အဲဒါနဲ့ နင်လည်း မမြင်မစမ်းနဲ့ ယောင်ယောင်ကန်းကန်း လိုက်သွားတာ လမ်းပေါ်လည်း ရောက်ရော...လမ်းကလည်း ပြင်လက် စ တန်းလန်းကြီး"

"လမ်းပေါ်ရောက်တော့..."

ကျွန်တော့်၏ သိချင်စိတ်နှင့်အမေး။ သူမက အားတက်သရော ပြန်ဖြေသည် ။

"လမ်းကြိတ်စက်က တက်ကြိတ်တာပေါ့"

"ဟာ.."

ကျွန်တော့်၏ အာမေဋိတ်သံ။ သူမ ဆက်ပြော၏။

"တစ်ကိုယ်လုံးဘာမှ မဖြစ်ဘူး"

"ဒါဆိုလွတ်သွားတယ်ပေါ့"

"ခေါင်းလေးတင်ပြားသွားတာ"

"ဟာ...နင်ကလည်း ...ငါကအတည်မှတ်လို့ နားထောင်နေတာ..."

ကျွန်တော့်စကားကို သူမရင်ကော့ပြီး...

"ဟဲ့ အတည်ပြောနေတာပဲ...ဆက်နားထောင် ဇာတ်က မပြီးသေးဘူး"

ဆိုပြီး ဇာတ်ကိုဆက်ပြန်၏။

"အဲဒီလို ခေါင်းလေးတင်ပြားသွားတော့"

"သေရောလား..."

ကျွန်တော့်စကားကို သူမက ခေါင်းယမ်းလိုက်ပြီး

"ငါ့ဇာတ်လမ်းမှာ မင်းသား ဘယ်တော့မှ မသေဘူး"

"ဟင်...ခေါင်းပြားတာတောင် မသေဘူး"

ကျွန်တော်၏ အလန့်တကြားအသံ။ သူမက ခေါင်းယမ်းပြီး..

"နင်က ဖွဲသမားလေ ဒါကြောင့် မသေတာ။ ဆက်နားထောင်ဦး.."

ဟု ဆိုရင်း သူ့ဇာတ်ကို ဆက်ပြောသည် ။

"အဲဒီလို ခေါင်းပြားသွားတာကို လေလျှော့နေတဲ့ ကားဘီးမှတ်ပြီး ခွေးကပြေး လာပြီး.."

"ဝင်ဟပ်တာလား"

"ဟင့်အင်း နင့်ခေါင်းကို သေးဝင်ပန်းသွားတာ"

"ဟင်..မင်း...မင်းတောက်..."

သူ့စကားကြားတော့ ကျွန်တော်ထိုင်ရမလို ထရမလို ဖြစ်သွားမိ၏။ ခေါင်းပေါ် ပြန်စမ်းကြည့်တော့ ချွေးစေးများက ခွေးသေးလို စေးပျစ်နေ၏။ ဒါကို သူမက...

"နေဦး မပြီးသေးဘူး။ ခွေးသေးတွေ ခေါင်းမှာ ပေပြီး နင်လည်း လန့်ပြီး ပြန်အထ။ အဲဒီအချိန်မှာ မှ မီးလောင်မှုဖြစ်ပွားလို့ အပြင်းမောင်းလာတဲ့ မီးသတ်ကားနှစ်ဆယ့်ခြောက်စီး တစ်စီးပြီးတစ်စီး စိမ်ပြေနပြေ တက်ကြိတ်တာ။ အဖြစ်ကို ဆိုးကရော့လား..."

သူ့ဇာတ်က မဆုံးသေး။ ကိုယ့်မှာ လည်း ကိုယ်အဖြစ်ကိုယ် ဒီလိုကြီး မြိန်မြိန်ကြီးကြားနေရတော့ ထလည်း ထွက်သွားချင်နေပြီ။ ဇာတ်လမ်းအဆုံးကိုလည်း သိချင်နေသေးသည် မဟုတ်ပါလား။ ဒါကို သူမကလည်း သိနေသည့်အလား ဇာတ်ကိုထပ်ဆက် ပြန်သည် ။

"အဲဒါနဲ့ နင်လည်း သေတော့ သေချင်နေပြီ။ သေမယ်ဆိုလည်း သေလို့ က တော်တော်ကောင်းနေပြီ။ ဒါပေမဲ့ မယ်တင့်ဆိုတာ ခေါင်းထဲရောက်လာတော့ ပြင်းပြလှတဲ့ တဏှာမီး အဟပ်ခံရသလို ငေါက်ခနဲထလာပါလေရောလား၊ ကျွတ် ကျွတ် ဒါပေမဲ့ မျက်လုံးလည်း ကန်း၊ ခေါင်းလည်း ပြားနေတော့ ဘာမှ မမြင်ဘဲ မိလ္လာမြောင်းကြီးထဲ စွပ်ခနဲကျတာ။ ပါးစပ်ထဲကလည်း မိလ္လာရည်တွေ တဖွဲဖွဲထွက်လို့ ပေါ့ဟာ

…"

သူမက အမူအရာပါ လုပ်ပြ၏။

"ဟာ … ခုနက ဟိုဟာတွေကြိတ်လို့ ခေါင်းပြားတဲ့ ဟာ ဘယ့်နှယ်ပါးစပ်ထဲက မိလ္လာရည် တဖွဲဖွဲထွက်မှာ လဲ.."

"သွားကျန်တယ်လေ…သွား၊ နင်က ခေါင်းသာပြားတာ၊ သွားမှ မပြားဘဲ…။ သွားက အကောင်းကြီး ရှိနေသေးတော့ ပါးစပ်နေရာက မိလ္လာရည်တွေတဖွဲဖွဲ ထွက်နေတာ မြင်ရသေးတာပေါ့"

"ဟင်..ဟင်..နင့်ဟာကလည်း ဟာ.."

"နင့်ဟာကလည်း မလုပ်နဲ့ …အဲဒီမှာ မိလ္လာမြောင်းကြီးထဲကျမှ သတိပြန်လည်ပြီး ပြန်အတက်။ အဲဒီတော့မှ စည်ပင်သာယာက လမ်းပေါက်နေတာမြင်ပြီး ကတ္တရာပုံးလောင်းချတာ။ တစ်ကိုယ်လုံးမီးတွေကလည်း ဟပ်၊ ချေးတွေကလည်း ထပ်နဲ့ ပေါ့ဟာ…။ ဒါပေမဲ့ နင်ကဖွဲသမားလေ… ဖွဲသမား။ ဖွဲမလျှော့ဘဲ ပြန်တက်လာတာပေါ့"

"အဲဒါနဲ့ ။ နင်လည်း မည်းမည်း မည်းမည်းနဲ့ ပြန်တက်လာ လမ်းပေါ်လဲအကျ။ အဲဒီတော့မှ ခုနကခွေးက ကားဘီးအစစ်တွေ့ပြီဆိုပြီး ဝမ်းသာအားရ ပြန်ပြေးလာပြီး သေးလာပြန်ဝင်ပန်းတာ..။ ဒီတစ်ခါတော့ နည်းနည်းများ တာပေါ့"

"ဟာ…တော်ပြီဟာ တော်ပြီ တောက် နင့်ဇာတ်က…"

ကျွန်တော်လည်း ရေရွတ်မိရာ ရေရွတ်ပြီး ထထွက်ရန်အပြင်၊ သူမက ကျွန်တော့်ပခုံးမှ နေ၍ ပြန်ဆွဲချလိုက်ပြီး…

"နေဦးလေ…နင်နဲ့ မယ်တင့်က ဆုံတောင် မဆုံသေးဘူး..ဇာတ်သိမ်းခန်းရောက်မှ ဆုံမှာ ဇာတ်သိမ်းခန်းက အရမ်းကို ကောင်းတာ.."

ကျွန်တော်လည်း ယောင်တောင်တောင်နှင့် ပြန်ထိုင်မိသည် ။ သူမ၏ အရမ်းကောင်းတာဟူသော ဇာတ်သိမ်းခန်းကို သိချင်၍ လည်း ပါ၏။

"အဲဒီလိုနဲ့ နင်လည်း အရိုးတွေကြေ၊ အရေတွေလည်း စုတ်၊ ခွေး တောင် သေးမပန်းချင်တော့တဲ့ ..."

"ဟာ..နင့်ဟာဆက်မှာ သာဖြင့်ဆက်ဟာ...နင့်ဟာမျက်လုံးလည်း ကန်း၊ လမ်းကြိတ်စက်လည်း ကြိတ်၊ ခေါင်းလည်း ပြား၊ မီးသတ်ကားလ ည်း ကြိတ်၊ မိလ္လာမြောင်းထဲ ကျတာတောင် မသေနိုင်သေးဘူး.."

ကျွန်တော့်စကားကို သူမက သူ၏ ပိန်လှီလှီ လက်နှစ်ဖက်ကို ကွေးမြှောက်ပြဦး..

"နင်က ဖွဲသမားလေ...ဖွဲ ဖွဲ။ ဖွဲရှိတော့ တော်ရုံဘယ်သေပါ့မလဲ...။ လူသာအရိုးတခြား အသားတခြား ဖြစ်သွားတာ နှလုံးကခုန်တုန်း မယ် တင့် မယ်တင့်ဆိုပြီး..."

"အောင်မာ ပြုံးပြုံးကြီးတောင် ပြောလိုက်သေး"

"အဲဒါနဲ့ နင့်ကိုဆေးရုံပို့ကြတာပေါ့ဟာ။ ဒါပေမဲ့ ဒီမှာ ကုလို့ မဖြစ်နိုင် ဘူး။ တစ်ကိုယ်လုံးကျိုးကြေနေပြီဆိုတော့လေ.. ဒါနဲ့ မတတ်သာတဲ့ ဘ ယ်သောင်ဘယ်ကမ်းရောက်ရောက်ဆိုပြီး သရဏဂုံတင်ပြီး လေ့နဲ့ မျှော လိုက်တာ စင်္ကာပူရောက်ပါလေရော့လား..."

"နင့်ဇာတ်က သိမ်းတော့မှာ လား"

ကျွန်တော်လည်း အတော်တင်း လာပြီမို့ ဖြတ်မေးလိုက်သည် ။ သူမ က အားတက်သရောဖြင့်...

"သိမ်းတော့မှာ လေ သိမ်းတော့မှာ ။ အဲဒါနဲ့ စင်္ကာပူက ဆရာဝန်ကြီး တွေက နင့်ကိုဆယ်ပြီး အပြင်က်ကို ကုတာပေါ့ဟာ။ အဲ...ပြောရဦးမယ်၊

အဲဒီအချိန်မှာ မယ်တင့်က နင်နဲ့ တွေ့ဖို့ မြန်မာပြည်လေယာဉ်နဲ့ ပြန်အလာ။ နင်က လေ့နဲ့ အမျောမှာ ၊ သူကလေယာဉ်နဲ့ အဖြတ်။ သူတောင် နင့်ကိုကြည့်ပြီး ရှုံလို့ တံတွေးနဲ့ ထွေးချသွားသေးတာ..."

"ဟာ နင့်ဟာကလည်း ပြောမယ့်သာပြောစမ်းပါ။ ဇာတ်သိမ်းကို"

"ပြောမှာ ပါဟ။ အဲဒီမှာ စက်ဲပူက ဆရာဝန်တွေက နင့်ကိုအစွမ်းကုန်ကု။ ပလတ်စတစ်ဆာဂျီရီတွေ ဘာတွေလုပ်ပြီး ပြန်ကောင်းလာတော့ လေယာဉ်နဲ့ ပြန်လာတာပေ့ါ"

"လေယာဉ်ပျက်ကျပြန်ပလား"

ကျွန်တော့်စကားကို သူမမျက်စောင်းထိုး၍ ...

"စကားအကောင်းပြောနေတာ။ မနောက်နဲ့ ..."

သူမကို ခပ်တည်တည်မြင်ရတော့ ကျွန်တော်လည်း ခပ်တည်တည်နေလိုက်သည် ။ ထိုတော့မှ သူမက ဆက်ပြီး

"အဲဒီမှာ နင်ကလည်း လေယာဉ်ပေါ်က အဆင်း၊ မယ်တင့်ကလည်း ရင်ခုန်စွာနဲ့ လေဆိပ်ကစောင့်နေ။ အဲဒီမှာ သုံးမယ့် Back ground Music ကလည်း လွမ်းလွမ်းဆွေးဆွေး လေး။ ညင်ညင်သာသာလေး။ ဟိုလေ.. လေးဖြူရဲ့ သေခြင်းရဲ့ တံခါးများ သီချင်းနဲ့ ..."

"ဟာ.. လေးဖြူရဲ့ သေခြင်းရဲ့ တံခါးများက ဘယ်လိုလုပ်လွမ်းလွမ်းဆွေးဆွေးဖြစ်မှာ လဲ..."

"ဇာတ်နဲ့ လိုက်အောင် သုံးရတာပဲ လျှာမရှည်နဲ့ ။ ဒါမြန်မာ့နည်း၊ မြန်မာ့ဟန်..."

သူမက ခပ်ငေါက်ငေါက်ပြောသည် ။ ပြီးမှ ဆွေးလျသော မျက်နှာဖြ

င့်..

"အဲဒီမှာ နင့်ကိုလည်း လေယာဉ်ပေါ်က ဆင်းလာတာတွေ့ရော၊ မယ်တင့် နင့်ကိုပြေးဖက်လိုက်တာ၊ ရန်ကြီးအောင်နဲ့ မယ်တင့်ညားသွားပါရောလား"

သူ့စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားရသည် ။

"ဟင် ဘယ်လို... ဘယ်လို ငါက လေယာဉ်ပေါ်က ဆင်းအလာ၊ မယ်တင့်က ပြေးအဖက်။ ဘယ့်နှယ် ဟိုရန်အောင်ကြီးနဲ့ ညားသွားရတာလဲ"

သူမပြန်မဖြေသေးဘဲ မိန့်မိန့်ကြီးပြုံးနေသည် ။ ကျွန်တော့်မျက်နှာကြီးကို အရသာခံနေတာလည်း ဖြစ်နိုင်၏။ အတန်ကြာမှ ...

"ဖြစ်ပုံက ဒီလိုလေ.. နင်က အရိုးတခြား အသားတခြား ဖြစ်ပြီး စက်ဘီးပူရောက်သွားတယ် မဟုတ်လား"

"အင်းလေ..။ ဟိုမှာ ဆေးကုတာလေ"

"အဲဒီမှာ စက်ဘီးပူက ဆရာဝန်တွေက နင့်ရုပ်ကို ဘယ်မှတ်မိပါ့မလဲ။ ဓာတ်ပုံတောင်းဖို့ ကလည်း အချိန်မရှိတော့ နင်က လူကသေနေပြီ။ တဏှာစိတ်ကလေးနဲ့ နှလုံးသားပဲ မသေသေးတာ"

"ဒါနဲ့ မြန်မာထဲမှာ ရှာကြည့်တော့ ကိုရန်အောင်ရဲ့ ဝေါရှိ ပဲရှိတာ။ အဲဒါနဲ့ ဟိုကလည်း ကိုရန်အောင်ရဲ့ ရုပ်ဆို လူတိုင်းကြိုက်မှာ ပဲလေဆိုပြီး အဲဒီရုပ်ကိုပဲ အတည်ယူပြီး နင့်ကို ပြင်ပေးလိုက်တာပေါ့"

"ဟင်...ဒါ...ဒါဆို"

ကျွန်တော်ယောင်ပြီး ကိုယ့်မျက်နှာကိုယ်ပြန်စမ်းမိသည် ။ ဒါကိုသူမ

က…

"အေးလေ.. ကိုရန်အောင်ကြီးနဲ့ မယ်တင့်ညားသွားတယ်လေ။ ဒါပေမဲ့ မပူပါနဲ့ ၊ စိတ်က နင့်စိတ်၊ ရုပ်က ကိုရန်အောင်ရုပ်နဲ့ ဆိုတော့ အင်း.. ဟန်းနီးမွန်းထွက်တာလည်း ထိုင်းနိုင်ငံ ပတ္တရားကမ်းခြေ၊ သူတို့ ဘာလုပ်ကြမလဲ စဉ်းစားကြည့်။ ပွဲကိုပြတ်ကရော"

"ဟင်…ဟာ…နင်ကလည်း "

ကျွန်တော့်၏ မပီမသရေရွတ်သံ။ ဒါကို သူမက…

"ဪ.. မေ့လို့ စာတမ်းထိုးကျန်သွားတယ်။ စာတမ်းထိုးက နင့်မျက်နှာကို ခွေးသေးနဲ့ ပထမအကြိမ် ပန်းတဲ့ အချိန်မှာ စတေ ရုပ်သေပြကွက်နဲ့ စာတမ်းထိုးမှာ ။

မင်းသားကျော်စွာ၊ မင်းသမီး တင့်တင့်ထွန်း၊ ဧည့်သည် သရုပ်ဆောင် ရန်အောင်၊ ဒါရိုက်တာမီးပွား"

"ဟင်…ဟိုမီးပွားက ဘယ်ကပါလာလဲ"

ကျွန်တော့်၏ အလန့်တကြားအမေး။ သူမက ခပ်ဆတ်ဆတ်ဖြင့်…

"စကားမရှည်နဲ့ ။ အဲ.. ဇာတ်ညွှန်းကျမှ "

သူမ ကျွန်တော့်ကိုကြည့်သည် ။ ကျွန်တော်က သူ့ကို ပြန်ငေးကြည့်နေသည် ။ အတန်ကြာမှ သူမက…

"မပြောတော့ပါဘူးဟာ..ကဲ..ငါသွားမယ်"

ဟု ဆို၍ သူ့ထီးကောက်ကြီးယူပြီး ထထွက်သွား၏။ ထိုတော့မှ ကျွန်တော်လည်း သတိရသွားပြီး…

"ဟေ့…နင့်နာမည် ဘယ်လိုလဲ"

သူမခြေလှမ်းများ ရပ်သွား၏။ နောက်မှ ကျွန်တော်ဘက်ပြန်လှည့်လာပြီး...

သူမ၏ ကြီးမားလှသော လွယ်အိတ်ကြီးထဲမှ ရှာဖွေပြီး စာရွက်တစ်ရွက်ထုတ်လိုက်သည် ။ ပြီးနောက် ကျွန်တော့် ရှေ့ချကာ...

"ကဲ... ငါရေးထားတဲ့ ကဗျာတစ်ပုဒ်ရှိတယ်...ဖတ်ကြည့်ဦး.. ကြိုက်ရင် သုံးပေး၊ ငါသွားမယ်.."

ဟု ဆို၍ ခေါင်းမော့ရင်ကော့၍ ထွက်ချသွားလေ၏။ ကျွန်တော့်မှာတော့ ဘာမှ မပြောနိုင် သူ့ကိုကြောင်ငေးလျက်။ နားထဲတွင် လည်းလေးဖြူ၏ စုန်းမ သီချင်းကို ကြားယောင်နေမိ၏။

***